ဆရာတော် နဲ့ ဘွဲ့တော်တွေရဲ့ အကြောင်း

မြန်မာ နိုင်ငံ ဗုဒ္ဓဘာသာမှာ လူ၊ ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက်
ပေးအပ်သော ဘွဲ့၊ အောင်လက်မှတ်၊ အတန်း၊ တွေရှိပါတယ်...

၁။ ဘွဲ့ တွေက စာမေးပွဲ ဖြေမှ ရပါတယ်... (မူ၊ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ၊ ...)
၂။ ဘွဲ့ တွေက အသက်အပိုင်းအခြားအတွင်းနဲ့ စာမေးပွဲ ဖြေမှ ရပါတယ်...(လင်္ကာရ၊
သကျသီဟ ဓမ္မာစရိယ၊ ...)
၃။ နိုင်ငံတော် အစိုးရက လွတ်လပ်ရေးနေ့တိုင်း ဆီးကပ်၊ ပေးအပ်တဲ့ဘွဲ့ပါ...
(သဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊...)

တချို့ဆိုရင် ဆရာတော်တွေရဲ့ အမည်နောက်မှာရှိတဲ့ ဘွဲ့တွေကို မသိပါဘူး၊
(ဆိုလိုတာက ၁ နဲ့လား ၂ နဲ့လား ၃ သုံးနဲ့လား ဆိုတာပါ)

ဒါဆိုရင် ဒီဘွဲ့တွေကို ဘယ်မှာ ဖြေလို့ရတယ်...
ဘယ်လိုတွေ အောင်နိုင်သလဲ...
ဘယ်လောက်ထိ အောင်ဖူးကြသလဲ...
ဘယ်လိုအဆင့်တွေမှာ ရတယ်...
ဘယ်လို ပုဂ္ဂိုလ်တွေမှ ပေးတယ်...
ဒါတွေကို သိပီးတော့ ရဟန်းသံဃာတွေကို ပိုပီး ကြည့်ညိုနိုင်ပါစေ...

အလင်္ကာရ ဘွဲ့ နှင့် အဘိဝံသ ဘွဲ့ များအကြောင်း။
မန္တလေး သကျသီဟ နှင့် ရွှေတိဂုံ စေတီယင်္ဂန တို့၌ သီးသန့်ဖြေဆိုရပါသည်။
ဦးပဇင်း မဖြစ်ခင် ကိုရင်ဘဝ၌ သာမဏေကျော် စာမေးပွဲ အဆင့် ၃ ဆင့်စလုံး
အောင်မြင်ပါက သာမဏေကျော် ဖြစ်ပါသည်။ မိမိဘွဲ့အမည်၏နောက်၌ အလင်္ကာရ
ဘွဲ့တိုး၍ ခေါ်ဝေါ်ကြပါသည်။
ရဟန်းဖြစ်ပြီး ၇ ဝါအတွင်း သို့မဟုတ် ၁၀ ဝါအတွင်း ဘိဝံသ စာမေးပွဲကို

**အပြီးဖြေဆိုအောင်မြင်ပါက မိမိဘွဲ့အမည်၏နောက်၌ အဘိဂံသ ကို ထည့်သွင်းခေါ် ဝေါ်ကြပါသည်။**
**မူလ အငယ်၊အလတ်၊အကြီး၊ ပထမ ငယ်၊လတ်၊ကြီး၊ ဓမ္မာစရိယ စာမေးပွဲများ လမ်းကြောင်း မှာမဟုတ် ၊ သီးသန့်ဖြေဆိုရသော လူတို့အခေါ် ဂုဏ်ထူးတန်း သီးသန့်စာမေးပွဲများဖြစ်ပါသည်။**
**ဥပမာ**
**ဦးသုမင်္ဂလာလင်္ကာရ**
**ဦးဂိစိတ္တသာရာဘိဂံသ**

**လမ်းကြောင်း မှာမဟုတ် လို့ပါပါသည်။ လမ်းကြောင်းမဟုတ်ဆိုတာဘာလဲ ငယ်လတ်မအောင်ပဲ အကြီးတန်း၊ ဓမ္မာစရိယကို ဖြေလို့ရတယ်လို့ဆိုတာလား? မန္တလေး သကျသီဟ (၇ ဂါအတွင်း) နှင့် ရွှေတိဂုံ စေတီယင်္ဂန (၁၀ ဂါအတွင်း) တို့၌ သီးသန့်ဖြေဆိုရပါသည်။**
**ဆိုရင် ပိုမှန်ပါမည်။**

**ဒါလေးတော့ မသိလို့ပါ ဘယ်ကနေရတဲ့ဘွဲ့လည်းလို့...**
**သဒ္ဓမ္မနေပုည ဓမ္မာစရိယ၊ သာသနဇောတိပါ ဓမ္မာစရိယ၊ ပဋ္ဌကာတ္တပါရဂူ၊ ဝိသိဋ္ဌဒီယဘာဏက၊**
**နဲ့**
**သာသနဓဇ သီရိပဝရ ဓမ္မာစရိယ မှာ သီရိပဝရ ဘာကြောင့်ပါတာလဲပါ။**

သာသနဓဇ သီရိပဂရဓမ္မာစရိယ မှာ. သီရိ မဟုတ်ပါ.. သိရီဖြစ်ပါတယ်။ သူက ဓမ္မာစရိယ အောင်ပြီးရင်.. မြန်မာစာပြဌာန်းထားတဲ့ ဂုဏ်ထူးကျမ်း ကိုဖြေဆိုအောင်မြင်မှ အဲ့ဒီဘွဲ့ရပါတယ်။ အဓိပ္ပါယ်က ဂုဏ်ကျက်သရေနဲ့ ပြည့်စုံသော ဖြစ်ပါတယ်။ ဓမ္မာစရိယဘွဲ့ရပြီးရင်.. ထပ်ဖြေလိုက ဖြေလို့ရတဲ့ အတန်းတစ်ခုပါ..။

နောက်တစ်ခုက ဓမ္မာစရိယဖြစ်မယ်ဆိုရင်- မန္တလေး (သို့) ရန်ကုန် ပရိယတ္တိသာသနာ့တက္ကသိုလ် တစ်ခုခုကို တက်ခွင့်ရရမှာဖြစ်ပါတယ်။ ပထမငယ်၊

ပထမလတ်၊ ပထမကြီး အောင်ပြီးဆိုမှ ဓမ္မာစရိယတန်း ဝင်ခွင့်ဖြေလို့ရပါတယ်။ အောင်ရင်တော့ တက္ကသိုလ် တက်ပေါ့...။

နောက်တစ်ခု သကျသီဟ စာမေးပွဲ ဘွဲ့နောက်မှာ ဘိဝံသ ရတဲ့စာမေးပွဲက ပထမငယ်၊ ပထမလတ်၊ ပထမကြီး အောင်မြင်ပြီးသူ သက်တော် ၂၇ ထက် မကြီးသူတွေ ဝင်ဖြေလို့ရပါတယ်။ တစ်နှစ်ထဲ ဝင်ဖြေလို့ရပါတယ်။ မန္တလေးဆို သကျသီဟ၊ ရန်ကုန်ဆို ရွှေတိဂုံ စေတီယင်္ဂန၊ နှင့် မြင်းခြံ မြို့တွေမှာ ဖြေရပါတယ်။ သံဃာ ၁၅ဝ လောက်ဖြေမှ ၈ ပါး ၉ ပါးလောက်ပဲအောင်ကြပါတယ်။ အရမ်းခက်လို့ သိပ်မဖြေကြပါဘူး..။

လင်္ကာရက ကိုရင်တွေမှာသာ ရတဲ့ သာမဏကျော် ကတော့ ၊ အဆင့် သုံးဆင့် ဖြေရပါတယ်။ တစ်နှစ်ကို တဆင့်ပါ အဆင့်သုံးဆင့်လို့ အောင်မှဘွဲ့နောက်မှာ လင်္ကာရ.. ဆိုပြီး တပ်ခွင့်ရှိပါတယ်။ သူက ဦးဇင်းမဖြစ်ခင် မှာဖြေရပါတယ်. သက်တော် ၂ဝ ကျော်သွားရင်တော့ ဖြေခွင့်မရှိပါဘူး...။ ပထမငယ်မဖြေခင်လောက်မှ ပထမအဆင့်ကိုဖြေဆိုကြပါတယ်များသော အားဖြင့်...ပေါ့...

နောက်သိလိုသည်များကိုလည်းမေးမြန်းနိုင်ပါတယ်။ နောက်ပြီး ရဟန်းတော်တွေမှာ ဘွဲ့တွေ ထပ်ရှိပါသေးတယ်

ဓမ္မကထိက- ဆိုတာ တရားဟောတဲ့ ရဟန်းသံဃာပါ...။ မဟာဓမ္မကထိက ၊ အဂ္ဂမဟာဓမ္မကထိက ရယ်။ဆိုပြီး ရှိပါတယ်

ဂန္ထဝါစက- ဆိုတာက စာချဘုန်းကြီးရဟန်းတော်များကိုပေးတဲ့ ဘွဲ့ပါ-- မဟာနဲ့ အဂ္ဂမဟာဆိုပြီးတော့လဲ ရှိပါတယ်။

ကမ္မာဋ္ဌာနာစရိယ- ဆိုပြီး ကမ္မဋ္ဌာန်းတရားတွေကိုဘဲ ဟောပြတဲ့ ရဟန်းများကိုလဲ ဒီလို မဟာနဲ့အဂ္ဂမဟာဆိုပြီး ဘွဲ့တွေပေးပါတယ်။

နောက်တစ်ခုက ဗဟုဇနပဟိတရေ- ဗဟုသုတနဲ့ ပြည့်စုံကြွယ်ဝပြီး အများအကျိုးကို ရွက်ဆောင်နိုင်တဲ့ ရဟန်းတော်များကို ချီးမြှင့်ပါတယ်....။

အဂ္ဂမဟာပဏ္ဍိတ တို့၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တို့ ၊ အဘိဓဇမဟာရဋ္ဌဂုရုတို့ ကိုနောက်မှ ရှင်းပြပါတော့မယ်။

မောင်သစ္စာ